# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## (၁၉) ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

### (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

### (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၈-၂-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၅၉ ဦးတက်ရောက်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၄၀ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း(ခ)ဦးထွန်းသိန်း ခွင့် ၁ ရက်၊

(၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၄) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၆) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၇) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၈) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၉) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၁၀) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၁၁) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၂) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၃) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၄) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၁၆) ဒုတိယဗိုလ်မှူးကြီးမိုးကျော် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၁၇) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၁၈) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၁၉) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၂၀) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၂၁) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၂၂) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်နှင့်

(၂၃) ကလေးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးညီထွန်း (အဖွဲ့ဝင်) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့(ငြိမ်း)အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လွှတ်တော်မှ ဖွဲ့စည်းပေးအပ်သောကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေးမြန်းခြင်းအပေါ် ပြန်ကြားချက်မရရှိသော ကိစ္စရပ်များအား အသိပေးပြန်ကြားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကျွန်တော်ရဲ့မေးခွန်းကို ဖြေကြားပေးမယ့် ပြည်ထောင်စုဒုတိယဝန်ကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့လေ့လာရေးရောက်ရှိသူများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းဖြစ်ပါတယ်။ မောက်မယ်မြို့နယ် ဆီဆုံရပ်ကွက်ရှိ ရှေးဟောင်းမောက်စံဘုန်းကြီးကျောင်းပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များကိုယ်စား မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်းသည် မောက်မယ်မြို့နယ် ဆီဆုံရပ်ကွက်တွင်တည်ရှိပြီး နှစ်ပေါင်းတစ်ရာကျော်တန်းဝင်ရှေးဟောင်းကျောင်းတစ်ကျောင်းဖြစ်ပါသည်။ မောက်မယ်မြို့နယ်၏ တစ်ကျောင်းတည်းသော ရှေးဟောင်းအမွေအနှစ်ကျောင်းဆောင်ဖြစ်ပါသည်။ ယခင်အစိုးရလက်ထက်က သုတေသနပညာရှင်များလာရောက်၍ စူးစမ်းလေ့လာမှုများပြုခဲ့ဖူးပါသည်။ ရှေးဟောင်းဆင်းတုတော်များ၊ ရှေးမူလက်ရာများနှင့် ပေစာ၊ ပုရပိုက်စာများရှိပါသည်။ ကျောင်းထိုင်ဆရာတော်များ ခေတ်အဆက်ဆက်မှ ထိန်းသိမ်းခဲ့ပါသော်လည်း နှစ်ကာလကြာညောင်းလာပြီဖြစ်သဖြင့် ယိုယွင်းပျက်စီးမှုများပြားလာပါသည်။ ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံရန်ဒေသငွေကြေးအား၊ ပညာရှင်ပံ့ပိုးအားတို့ လွန်စွာအားနည်းနေပါသည်။ မွမ်းမံခြင်းမပြုလုပ်နိုင်လျှင်လည်း ပျက်ဆီးပျောက်ကွယ်သွားနိုင်မည်ဖြစ်ပါသည်။ မောက်မယ်မြို့နယ်တွင် ဘုန်းကြီးကျောင်းပေါင်း ၇၀ ကျော်ရှိတဲ့အနက် ပြုပြင်မွမ်းမံနိုင်ခြင်းမရှိသဖြင့် ကျောင်းအချို့ပျက်ဆီးပျောက်ကွယ်သွားရသော သာဓကများရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) မောက်မယ်မြို့နယ် ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်းအား ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်နည်း။ မေးခွန်း(၂) မည်သည့်ဘဏ္ဍာရေးနှစ်တွင်

ကူညီဆောင်ရွက်ပေးနိုင်မည်နည်း။ မေးခွန်း(၃) ကူညီမွမ်းမံရန်အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊မောက်မယ်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှာ ရှေးဟောင်းအဆောက်အအုံ လေးထောင်ကျော်ကို နှစ်စဉ်ဘဏ္ဍာငွေလျာထားတောင်းခံ၍လည်းကောင်း၊ ပြည်သူလူထုထံမှ လှူဒါန်းငွေများဖြင့်လည်းကောင်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ထိုသို့ ပြုပြင်ထိန်းသိမ်းရာတွင် အောက်ဖော်ပြပါ အမွေအနှစ်ဆိုင်ရာတန်ဖိုးများဖြင့် စိစစ်၍ ဦးစားပေးအဆင့်များသတ်မှတ်ကာ နိုင်ငံတော်ဘဏ္ဍာငွေလျာထားတောင်းခံ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်ရှင်။ (က) ခေတ်ကာလအရ တန်ဖိုးမြင့်မားခြင်း (Agrological Value) (ခ) သမိုင်းဆိုင်ရာအထောက်အထားများအရ အရေးပါခြင်း(Historical Value) (ဂ) ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုတန်ဖိုးထားရှိခြင်း၊ (ဃ) ဗိသုကာနှင့် အနုလက်ရာများ ထူးခြားကောင်းမွန်ခြင်းဆိုတဲ့အချက်အလက်များဖြစ်ပါတယ်။ ဒီအချက်အလက်တန်ဖိုးများမြင့်မားပြီးတော့ ရှေးဟောင်းအဆောက်အအုံကလည်းပဲ ပျက်စီးယိုယွင်းမယ့်အနေအထားကို ရောက်မယ်ဆိုရင် ဒီဟာ ဒီအချက်များအပေါ်မှာ ဦးစားပေးပြီးတော့ ဆောင်ရွက်ပါတယ်ရှင်။

၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေအရ ၁၈၈၆ ခုနှစ်မတိုင်မီက သိရှိခဲ့သော အဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းအဆာက်အအုံပစ္စည်းများအဖြစ် သတ်မှတ်ထားသောကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ရှေးဟောင်းအဆောက်အအုံအဖြစ် စာရင်းဝင်သည်များကို အထက်ဖော်ပြပါ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ တန်ဖိုးများစိစစ်ပြီးတော့ ဦးစားပေးအလိုက် ရန်ပုံငွေတွက်ချက်တောင်းခံကာ ပြုပြင်ထိန်းသိမ်း

ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မြို့နယ် ရှေးဟောင်း မောက်စံဘုန်းတော်ကြီးကျောင်းနှင့်ပတ်သက်၍ ရှေးဟောင်းအဆောက်အအုံအဖြစ် စာရင်းမဝင်သေးခြင်း၊ ဦးစားပေးအဆင့်တွင် မပါရှိသေးခြင်းတို့ကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လျာထားတင်ပြ၍ ပြုပြင်ဆောင်ရွက် ပေးနိုင်ခြင်းမရှိသေးခြင်းဖြစ်ပါတယ်။ အလှူရှင်နှင့် ပြုပြင်ဆောင်ရွက်လိုပါက ရှေးဟောင်းလက်ရာ များ မပျက်စီးပြီးတော့ ရှေးမူလက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ဝန်ကြီးဌာနမှ တတ်ကျွမ်းသူများဖြင့် ကူညီဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာ ပြန်ကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**လ မပြည့်သော လ ပြည့်ညများကို အမှန် လပြည့်ညဖြစ်လာအောင် ဓမ္မစက်နှင့် အာဏာစက်ပူးပေါင်း၍ ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်အခု တင်ပြမေး မြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းသည် လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်တဲ့မေးခွန်း ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများအနေနဲ့ လိုက်နာလုပ်ဆောင်ပြင်ဆင်ဖို့လည်း အခက်အခဲများရှိနိုင်ကြောင်း ကျွန်တော် ဒီဟာကို မပြုစုမီကတည်းက ဒါကြိုတင်သိရှိပါတယ်။ သို့သော်လည်းပဲ ပြည်သူအများစု အတွက် အကျိုးရှိမယ့်ကိစ္စဖြစ်သောကြောင့်မို့လို့ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းရခြင်းဖြစ် ကြောင်းဦးစွာတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အသုံးပြုနေတဲ့ ပြက္ခဒိန်ကို ခရစ်သက္ကရာဇ်လို့ ခေါ်ဆိုကြပါတယ်။ After Dead of Christ ကို (AD) ဟုလည်းကောင်း Before Christ ကို (BC)ဟုလည်းကောင်းခေါ်ဆိုကြပါတယ်။ ခရစ်သက္ကရာဇ်သည် နေ Solar System ကိုအဓိကထားပြီးတော့မှ တစ်နှစ်တာရဲ့ ရက်၊ လ၊ ပြက္ခဒိန်ကိုသတ်မှတ်ပါတယ်။ မူလက ခရစ်သက္ကရာဇ် တစ်နှစ်တွင် ဆယ်လသာရှိခဲ့ပါတယ်။ ရောမခေတ်ဘုရင် Julius Cesar က ၎င်းအနေဖြင့် တစ်လတိုး သတ်မှတ်ခဲ့ပါတယ်။ July လလို့ခေါ်ဆိုပါတယ်။ ဘုရင် **ဩဂုတ်စတင်း** ကနေပြီးမှ နောက်ထပ်တစ်လ တိုးပြီးတော့မှ သတ်မှတ်ခဲ့ပါတယ်။ ဩဂုတ်လလို့အမည်တွင်ခဲ့ပါတယ်။ အဲ့ဒီအချိန်ကစပြီးတော့မှ တစ်နှစ်မှာ ၁၂ လပြက္ခဒိန်ပေါ်ထွက်လာခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ကမ္ဘာကြီးက ၂၃၊ ၂ ပိုင်း ၁ ပိုင်း ဒီဂရီတိမ်းစောင်းပြီးတော့မှ နေကိုလှည့်ပတ်လျက်ရှိတာကြောင့်မို့လို့ ရက်စုံ ၃၀ ရက်ဖြင့်

လေးလနဲ့ရက်မစုံ ၃၁ ရက်ဖြင့် ခုနစ်လသတ်မှတ်ထားရှိပြီးမှ ခရစ်ပြက္ခဒိန်ကိုရေးဆွဲခဲ့ပါတယ်။ လိုအပ်လာတဲ့ရက်တစ်ရက်ကို လေးနှစ်တွင်တစ်ကြိမ် ဖေဖော်ဝါရီလကို ၂၉ ရက်အဖြစ် တစ်ရက်တိုးသတ်မှတ်ကာ ၃၆၅ ရက်ပြည့်အောင် ထိန်းညှိပေးထားကြောင်းလည်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစ္စလာန်ဘာသာမှာ ဒီနေ့အထိ တစ်နှစ်လျှင် ၁၀ လနဲ့ ပြက္ခဒိန်ရေးဆွဲထားပါတယ်။ သူတို့လည်း လ (Moon) ကို အခြေခံထားတဲ့သက္ကရာဇ် ဖြစ်ပါတယ်။ သူတို့ရဲ့ဥပုသ်လ နေ့၊ ရက်၊ အဝင်၊ အထွက်ကို ဆန်းစလကို စတင်မြင့်တဲ့အချိန်ကို သတ်မှတ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာရာဇဝင်မှာ ကုန်းဘောင်ခေတ်ဘုရင် ဘိုးတော်ဦးဝိုင်း အုပ်စိုးစဉ် ဗာရာဏသီမြို့ကို သံတမန်တစ်ဖွဲ့စေလွှတ်ပြီးတော့မှ သက္ကတ္တကျမ်းစာများ အလှူခံခဲ့ပါတယ်။ အဲ့ဒီမှာ သူရိယသိန္ဒသလို့ခေါ်တဲ့ နေကိုအဓိကထားပြီးတော့ တွက်ချက်သတ်မှတ်တဲ့ ခရစ်သက္ကရာဇ်ပြက္ခဒိန်နည်း ပါရရှိခဲ့ပါတယ်။ သို့သော်လည်း အမတ်ကြီးဦးပေါ်ဦးနဲ့ အမတ်အချို့က ကန့်ကွက်ခဲ့တာကြောင့်မို့လို့ ခရစ်သက္ကရာဇ်အတိုင်း ပြက္ခဒိန်ပြင်ဆင်သတ်မှတ်ဖို့အတွက်ကို မဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ မြန်မာသက္ကရာဇ် ပြက္ခဒိန်သည် လ (Moon) ကို အခြေခံပြီးမှ သတ်မှတ်ထားရှိကြောင်း သိရှိရပါတယ်။ မြန်မာပြက္ခဒိန်မှာ ၃၀ ရက်ပြည့်ရက်စုံ ခြောက်လနဲ့ ၂၉ ရက်ရက်မစုံ ခြောက်လပါရှိပါတယ်။ တစ်နှစ်လျှင် သာမန်အားဖြင့် ၃၅၄ ရက်ရှိနေပါတယ်။ သို့ဖြစ်လို့မို့လို့ တစ်နှစ်မှာ ၃၆၅ ရက်ပြည့်ဖို့ အတွက်ကို ၁၁ ရက်လိုနေပါတယ်။ ဒါ့ကြောင့် သုံးနှစ်ပြည့်တဲ့အချိန်တိုင်း အချိန်တိုင်း ၃၃ ရက်လျော့နည်းနေတာ အချိန်မျိုးကို ကြုံတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဝါဆိုကို နှစ်လဝါထပ်လိုက်ရပါတယ်။ ဝါဆိုလနှင့် ဝါခေါင်လအတွက်လည်း နှစ်ရက်တိုးသတ်မှတ်ကာ ကျန်ရှိတဲ့တစ်ရက်ကို နောက်နှစ် ဝါခေါင်လမှာ ထပ်တိုးပေးခြင်းအားဖြင့် ဝါငယ်ထပ်ရကြောင်းလည်းပဲ လေ့လာမှတ်သားရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သမိုင်းတစ်လျှောက်မှာ သာသနာသက္ကရာဇ်ကိုသာ အသုံးပြုခဲ့ပါတယ်။ ကိန်းဂဏန်းတွေအရေအတွက်များလာခြင်းအပါအဝင် အကြောင်းမျိုးစုံဖြင့် သက္ကရာဇ်ဖြိုမှုတွေကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။ သရေခေတ္တရာခေတ်၊ သုမူရီမင်းလက်ထက်မှာ စတင်ပြီးတော့မှ သက္ကရာဇ်ဖြိုမှုတွေကို ပြုလုပ်ခဲ့ကြောင်းလည်း လေ့လာမှတ်သားရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၆၀ ကျော်ကာလ ကုန်းဘောင်ခေတ်၊ ပုဂံမင်းလက်ထက်မှာ ဗုဒ္ဓဘာသာ ဒွါရဂိုဏ်းဆရာတော်ကြီးများမှ မြန်မာပြက္ခဒိန်မှာ လပြည့်ရက်သည် တစ်ရက်စောနေကြောင်း၊ ရက်မစုံလကို တစ်ရက်တိုးနိုင်ကြောင်း အကြံပြုခဲ့သော်လည်း ပြင်ဆင်သတ်မှတ်ခြင်းမပြုနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီကနေ့ထိ သံယာ

ဂိုဏ်းကြီးကိုးဂိုဏ်းအနက် မဟာဒွါရဂိုဏ်းသံဃာတော်များသည် လပြည့်ကျော်တစ်ရက်နေ့တွေမှ ဥပုသ်သီလကန်စောင်စောင့်တည်နေကြကြောင်းလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၄ ခုနှစ် ဆဋ္ဌသံဃာရနာတင်တဲ့အချိန်မှာ ထေရဝါဒ ငါးနိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ စုံညီစွာတက်ရောက်ခဲ့ရာမှာလည်း အဲ့ဒီအချိန် တုန်းကလည်းပဲ မြန်မာပြက္ခဒိန်ဟာ လပြည့်ရက်သည် အခြားသောဗုဒ္ဓဘာသာနိုင်ငံများထက် တစ်ရက် စောနေကြောင်း ကျန်တဲ့နိုင်ငံများကနေပြီးတော့ ဝေဖန်ထောက်ပြခဲ့ကြပါတယ်။ သို့သော် ယနေ့တိုင် ပြင်ဆင်နိုင်ခြင်းမပြုနိုင်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ နီပေါ၊ အိန္ဒိယနိုင်ငံများနှင့် နှစ်စဉ် ကမ္ဘာ့ကုလသမဂ္ဂကကျင်းပနေတဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့သည် မြန်မာနိုင်ငံ တစ်ရက်နောက်ကျနေကြောင်း ဒါလေ့လာတွေ့ရှိနိုင်မှာဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ အကြောင်းပြ ချက်တစ်ခုလည်းရှိပါတယ်။ အဲ့ဒါကတော့ မြန်မာနိုင်ငံမှာ ဒီရေတက်ရောက်မှုအမြင့်ဆုံးနေ့ရက်သည် လပြည့်ကျော်တစ်ရက်နေ့ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တကယ်တော့ ဒီရေအမြင့်ဆုံးတစ်ရက် သည် လပြည့်နေ့သာဖြစ်နိုင်သည်လို့ ကျွန်တော်သုံးသပ်ရရှိပါတယ်။ ဒါ့ကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ လူဦးရေအများဆုံးက ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါတယ်။ မင်္ဂလာရှိတဲ့နိုင်ငံတော် အခမ်းအနားများ ဘာသာရေးအခမ်းအနားများကျင်းပတဲ့အခါမှာ လပြည့်ရက်များကိုသာ အဓိကထားပြီးမှ ကျင်းပလေ့ရှိ ကြပါတယ်။ လမပြည့်သောရက်ကို လပြည့်ရက်ဟုအမှတ်မှားကာ ပြုလုပ်နေကြတဲ့အခမ်းအနားများရဲ့ ကုသိုလ်ကောင်းမှုများအတွက် ပြည့်ဝတဲ့ကုသိုလ်အကျိုးဆက်များမရရှိနိုင်ဘူးလို့ သုံးသပ်ရပါတယ်။ ဒါ့ကြောင့်မို့လို့ လပြည့်ရန် တစ်ရက်စောနေတဲ့ မြန်မာပြက္ခဒိန်နေ့ရက်ကို အမှန်အတိုင်းဖြစ်အောင် ပြန်လည်ပြင်ဆင်ရန် လိုအပ်လာပြီလို့ယူဆပါတယ်။ ထိုတာဝန်ကို ဓမ္မစက်နှင့် အာဏာစက်ပူးပေါင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သံဃာအဖွဲ့အစည်းများသည် ဒါဓမ္မစက်ကို ပိုင်ဆိုင်ထားပြီး တော့မှ နိုင်ငံတော်အကြီးအကဲသည် အာဏာစက်ကို ပိုင်ဆိုင်သူဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီကြီးမြတ် တဲ့တာဝန်ကို နိုင်ငံတော်သံဃနာယကအဖွဲ့ကနေပြီးမှ နိုင်ငံတော်နက္ခတ္တဗေဒနဲ့ ပြက္ခဒိန်ပညာရှင်အဖွဲ့ ကိုတာဝန်ပေးဆောင်ရွက်စေသင့်ပါတယ်။ နိုင်ငံတော်အကြီးအကဲကနေပြီးမှ ဒီဆောင်ရွက်ချက်အပေါ် မှာအတည်ပြုအမိန့်ပြန်တမ်းထုတ်ပေးရမှာဖြစ်ပါတယ်။ ပျက်အစဉ်ပြင်ခဏလို့ဆိုရိုးစကားရှိပါတယ်။ ဒါ့ကြောင့်မို့လို့ လမပြည့်သော လပြည့်ညများကို အမှန်လပြည့်ညဖြစ်အောင် ဓမ္မစက်နဲ့ အာဏာစက် ပူးပေါင်းပြီးမှ ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ ရှင်းလင်းဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင်။ အခု ကျွန်မ ဆက်လက်ပြီးတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ ယခုမေးခွန်းနှင့် ယခုဆွေးနွေးချက်များဖြင့်ပတ်သက်ပြီးတော့ သိမ်မွေ့နက်နဲတဲ့အတွက်ကြောင့်မိုလို့ ကျွန်မတို့ဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းထားရှိတဲ့ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့မှ ဥက္ကဋ္ဌ ဆရာတော်ကြီး သာသနာရေးဝန်ကြီးဌာနတို့နှင့် ကျွန်မတို့ညှိနှိုင်းပြီးတော့ ပေါင်းစပ်ဖြေဆိုသွားခြင်းဖြစ်ပါတယ်။ ယဉ်ကျေးမှုမြင့်မားသောနိုင်ငံများသည် ကိုယ်ပိုင်ပြက္ခဒိန်ကိုဖွဲ့ချီလေ့ရှိကြပါတယ်။ ယင်းတို့တွင် နေသွားကိုမှီ၍ ဖွဲ့ချီသောပြက္ခဒိန်မှာ ရက်ပေါင်း ၃၆၅ ရက်နှင့် နာရီ ၆၀၀ ကျော်ခန့်ဖြင့် တစ်နှစ်ဆိုပြီးတော့မှ ဖွဲ့ချီထားတဲ့ ဂရေဂေါရီပြက္ခဒိန်နဲ့ ယနေ့ ကမ္ဘာသုံးပြက္ခဒိန်ဖြစ်ပါတယ်ရှင့်။ တစ်နှစ်အတိုင်းအတာကိုသာ နေသွား တစ်ပတ်အပြည့်အတိုင်းထားရှိပြီးတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ စသော လများကို သင့်လျော်သလို ၁၂ ပိုင်းစီပိုင်းပြီး တစ်ပိုင်းလျှင်သင့်လျော်သလို ရက်များကိုထားရှိပါတယ်။ သို့ဖြစ်ရာ ခရစ်နှစ်ပြက္ခဒိန်၌ လပြည့်လကွယ် စသည်များမပါရှိသော်လည်း လပြည့်လကွယ် စသည်တို့ကို အလိုရှိသူများအတွက် သီးသန့်ထည့်သွင်းပေးကြပါတယ်။

မြန်မာပြက္ခဒိန်သည် သဘာဝလပြည့်လကွယ် အနီးဆုံးတူညီပြီး သဘာဝယုတ္တိကျစေရန် တွက်ထားသောပြက္ခဒိန်ဖြစ်ပြီး ပြက္ခဒိန်အကြံပေးအဖွဲ့ဝင် ပညာရှင်များသည် သုံးနှစ်ကြိုတင် ရေးဆွဲကြသော ပြက္ခဒိန်များဖြစ်ရာ ဝါထပ်၊ ရက်ငင်၊ နေကြတ်၊ လကြတ်၊ လပြည့်၊ လကွယ်များကို အောက်ပါအတိုင်းရေးဆွဲကြပါတယ်။ (က) တိထီ လပြည့်လကွယ်များကိုအခြေခံ၍ ရေးဆွဲခြင်း။ (ခ) ဝေါဟာရလပြည့် စန္ဒြမာသကိုကြည့်၍ ရေးဆွဲခြင်း။ (ဂ) ဆိုလာနေ-သွား (ခရစ်နှစ်)သောရနှင့် ရေးဆွဲခြင်း။ (ဃ) လနဲ့လုပ်တဲ့ ပြက္ခဒိန်(လ-သွား)များကို ကြည့်၍ရေးဆွဲခြင်းတို့ဖြစ်ပါတယ်။ မြန်မာပြက္ခဒိန်ဟာဆိုရင် တစ်နှစ်လျှင် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆ စက္ကန့်ရှိသောကြောင့် ၃၆၅ ရက်ကိုသာကြည့်လျှင် လပြည့်နေ့၌ အနည်းငယ်လျော့၍ လမပြည့်သည့်ပုံကဲ့သို့ မြင်ရခြင်းမှာ ကျန်ရှိသော ၆ နာရီ၊ ၁၂ မိနစ်၊ ၃၆ စက္ကန့်တိတိအချိန်ကြည့်လျှင် လပြည့်ခြင်းကို ပြည့်ဝစွာနှင့်တွေ့မြင်နိုင်မှာဖြစ်ပါတယ်ရှင်။ ပြက္ခဒိန်မများပါရှင့်။ လပြည့်ည ၁၂ နာရီတွင် နာရီ၊ မိနစ်၊ စက္ကန့် အနည်းငယ်ကွာခြားခြင်းသာရှိနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ရာဇဂြိုဟ်ပြည်၌ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ဝါထပ်ရက်ငင်ကိစ္စနှင့်ပတ်သက်ပြီးတော့ ဝါခေါင်လတွင် ဝါမဝင်စေဘဲ ဝါဆိုလတွင် ပထမဝါဆိုလ၊ ဒုတိယဝါဆိုလဆိုပြီးတော့မှ ရက်ငင်လထပ်သတ်မှတ်စေရပါမူ ဝါတွင်း ၄ လ ဖြစ်စရာမလိုဘဲ ဝါတွင်း ၃ လသာဖြစ်မည်ဟုသဘောရပြီး ရဟန်းတော်များကို လျှောက်ထားစေရာ ရဟန်းတော်များက ဘုရားရှင်အား ဆက်လက်လျှောက်ထားခဲ့ပါတယ်။ ထိုကိစ္စမျိုးတွင် မင်းဘုရင်တို့၏ အလိုအတိုင်းသာဆောင်ရွက်ကြရန် အနုဇာနာမိဘိက္ခဝေရာဇူနံအနုဝတ္တိတုံဟု ဝိနည်းမဟာ စာမျက်နှာနှာ-၁၉၃မှာ ဖော်ပြခဲ့ပါတယ်ရှင့်။ မြတ်စွာဘုရားရှင်က ရဟန်းတို့ မင်း၏တာဝန်ပေးချက်အရ ပညာရှင်များ၏ ဆောင်ရွက်ချက်ဖြစ်သဖြင့် ငါ၏သာသနာတော်နှင့် ဆန့်ကျင်မှုမရှိသောကိစ္စများတွင် မင်းတို့အလိုသို့ အစဉ်လိုက်စိမ့်သောငှာဆိုပြီးတော့မှ ဘုရားရှင်က ခွင့်ပြုတော်မူခဲ့တယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အမတ်ကြီးဦးပေါ်ဦးနှင့် အမတ်အချို့က ကန့်ကွက်တဲ့အတွက်ကြောင့်မို့လို့ ခရစ်သက္ကရာဇ်အတိုင်း ပြက္ခဒိန်ပြင်ဆင်သတ်မှတ်ရန်ဟူသော မေးခွန်းပါအချက်အလက်နှင့်ပတ်သက်ပြီးတော့ အမေးတော်အဖြေကျမ်းတွင် နန်းတော်တွင်းရှိနေပြီးဖြစ်သော ဒိဗ္ဗစက္ခုမှန်ပြောင်းဖြင့် ညစဉ် လကို ဘုရင်ကကြည့်ရှုလေ့လာပြီးတော့ တိထီဖွဲ့ထားသော ပုံတော်ပြက္ခဒိန်အသစ်ကို ထီထွင်ပါသည်ဟုပါရှိပါတယ်။ သာသနာပိုင်ဆရာတော်နှင့်တကွ ပြည်သူအများက မကြိုက်နှစ်သက်သဖြင့် ပယ်ဖျက်ခဲ့ကြပါတယ်။ သုံးစွဲမှုလည်းမပြုခဲ့ပါဘူး။ ဘိုးတော်ဘုရား အမှား ၄ ချက်တွင် ဤအချက်တစ်ချက်အပါအဝင်ဖြစ်ပါတယ်။ အဆိုပါ အကြောင်းအရာနှင့်ပတ်သက်ပြီးတော့ အမေးတော်ဖြေကျမ်း စာမျက်နှာ ၃၄၆ မှ ၃၅၁ ထိ၊ စာမျက်နှာ ၄၈၉ မှ ၄၉၅ ထိ၊ စာမျက်နှာ ၄၉၉ မှ ၅၃၃ ထိ ဖတ်ရှုလေ့လာနိုင်ပါတယ်ရှင်။

မြန်မာသက္ကရာဇ်(ပြက္ခဒိန်)ဟာဆိုရင် လ(Moon)ကို အခြေခံပြီးတော့ သတ်မှတ်ထားကြောင်း မေးခွန်းပါအချက်နှင့် ပတ်သက်ပြီးတော့ ဤကဲ့သို့ဖြေကြားအပ်ပါတယ်ရှင်။ မြန်မာပြက္ခဒိန်ဖွဲ့ချီထားရှိမှုဟာ (၁)သူရိယ၊ (၂) စန္ဒ၊ (၃) နက္ခတ္တ၊ (၄) သာဝန၊ (၅) ပိဋကတ်၊ (၆) ဝေါဟာရ ဆိုပြီးတော့မှ အချက်ခြောက်ချက်ကို အခြေခံထားပြီးတော့ ဖွဲ့ချီထားခြင်း ဖြစ်ကြောင်း တွေ့ရှိပါတယ်။

ကမ္ဘာ့နိုင်ငံကြီးများမှာ နှစ်စဉ်ကျင်းပနေတဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့ဟာ မြန်မာနိုင်ငံထက် တစ်ရက်နောက်ကျနေပါကြောင်း မေးခွန်းပတ်သက်ပြီးတော့ နှစ်စဉ်ကျင်းပနေတဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့ကို ကမ္ဘာ့နိုင်ငံများနည်းတူဖြစ်စေလိုပါက အမှန် ကဆုန်လပြည့်နေ့၊ ရက် စသည်တို့ကို ကြေညာပေးရန်လိုအပ်မှာဖြစ်ပါတယ်။ ကမ္ဘာ့ပြက္ခဒိန်များမှာ ပွဲတော်ရက်၊ ရုံးပိတ်ရက်များကို သီးသန့်ကြေညာ

ပေးထားလေ့ရှိကြပါတယ်။ ဤအချက်နှင့်ပတ်သက်ပြီးတော့ LAHIRI'S INDIAN EPHEMERIS of PLANETS' POSITIONS, ACCORDING TO THE NIRAYANA' or SIDEREAL SYSTEM FOR 2013 A.D ဆိုတဲ့ကြေညာချက်ကိုလေ့လာဖတ်ရှုပါက ပိုမိုပြီးတော့ရှင်းလင်းစွာ သိရှိနိုင်မှာဖြစ်ပါတယ် ရှင်။

ဒီရေတက်ရောက်မှု အမြင့်ဆုံးရက်သည် လပြည့်ကျော်တစ်ရက်နေ့ဖြစ်နေကြောင်း၊ ထို့အပြင် ဒီရေအမြင့်ဆုံးတက်ရောက်သည့် လပြည့်နေ့သာလျှင် ဖြစ်ပါမည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်မြစ်ဒီရေအတက်အကျ တိုင်းတာရာ Yangon River View ဌာနထုတ် TIDE TABLE မှာဆိုရင် အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ လဆန်း ၃ ရက်နှင့် လဆုတ် ၃ ရက်သည် ခေါင်ရေအမြင့်ဆုံး တက်သည့်နေ့များ ဖြစ်ကြောင်း၊ ၆-၁၁-၂၀၁၃ ရက်မှာ ၀၅ နာရီ ၁၁ မိနစ်တွင် ၇.၁၈ မီတာနှင့် ၂၀-၁၁-၂၀၁၃ ရက် ၀၅ နာရီ ၁၄ မိနစ်တွင် ၆.၄၄ မီတာ တက်မည်ဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အချုပ်မှာ ယခုစီရင်ထားသောပြက္ခဒိန်တွင် လပြည့်ည တွင် အမှန်လပြည့်အောင်ပြုပြင်၍မရပါ။ အခြားပြက္ခဒိန်များနည်းတူ တိထီလပြည့်၊ လကွယ်တို့ကို ပူးတွဲကြေညာပေးလိုက်လျှင် အဆင်ပြေနိုင်မည်ဟု ထင်မြင်မိပါကြောင်း ဥက္ကဋ္ဌဆရာတော်က မိန့်ကြား ပါတယ်။ ယခုအခါ စီမံခန့်ခွဲမှုအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ စီးပွားရေးဆောင်ရွက်နေသူများ၊ ဝန်ထမ်း အဖွဲ့အစည်းအသီးသီးနှင့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာ့ပြက္ခဒိန်ကိုအသုံးပြုရာတွင် ၎င်းတို့၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး စသည့် လူမှုရေးရာကိစ္စအရပ်ရပ်ကို ရှေးအစဉ် အလာများအတိုင်း ယုံယုံကြည်ကြည်လက်ခံပြီး ဆောင်ရွက်နေကြခြင်းတို့ကြောင့် ပြင်ဆင်ရန်မသင့် သေးပါကြောင်း အထောက်အထားကျမ်းကိုးစာရင်းများနှင့်အတူ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးက မိန့်ကြားပါကြောင်း၊ ကျွန်မ ကျမ်းကိုးစာရင်းများကတော့ ယနေ့ ကမ္ဘာသုံး ပြက္ခဒိန်ဖြစ်ပါတယ်။ CALENDARIO LUNAR DMTR. ORG 2014 ဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ အမေးတော်အဖြေကြမ်း ဆရာတော်ကြီးဦးသတ္တိယ ထုတ်ပြန်ထားတဲ့စာအုပ် ဖြစ်ပါတယ်ရှင့်။ ဒီစာအုပ်ကတော့ စာမျက်နှာ ၃၄၆ မှ ၃၅၁၊ စာမျက်နှာ ၄၈၉ မှ ၄၉၅၊ စာမျက်နှာ ၄၉၉ မှ ၅၉၃ တို့အထိ ဖြစ်ပါတယ်။ နောက် ကျွန်မတို့ LAHIRI'S INDIAN EPHEMERIS of PLANETS' POSITIONS, ACCORDING TO THE "NIRAYANA" or SIDEREAL SYSTEM FOR 2013 A.D ကြေညာချက် ဖြစ်ပါတယ်ရှင်။ ဒီစာအုပ်လေး ကျွန်မတို့ မိတ္တူကူးပြီးတော့ ယူလာခဲ့ပါတယ်ရှင်။ နောက်တစ်ခုကတော့ Yangon River View ဌာနကထုတ်တဲ့ Tide Table, 2013 ဆိုတဲ့ ဒီစာအုပ်ကလေးဖြစ်ပါတယ်ရှင်။

**မူကြမ်း**

နောက်တစ်ခုကတော့ ပြက္ခဒိန်အကြောင်းသိကောင်းစရာ ကဗျမိသကကျမ်းစာအုပ် ၂၀၁၀ ဖြစ်ပါတယ်ရှင်။ လေးစားစွာနဲ့ ယခုကဲ့သို့ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ဒီမေးခွန်းစတင်မေးကတည်းက သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒီမေးခွန်းလေးသည် လွယ်မယောင်နှင့်ခက် တိမ်မယောင်နဲ့နက်တဲ့ကိစ္စလည်းဖြစ်ပါတယ်။ သူ့တစ်ရပ်ပြင်လိုက်တာနဲ့ကိုပဲ နှစ်တစ်ရာပြက္ခဒိန်အပါအဝင် ဆက်နွယ်နေတဲ့ ကျမ်းဂန်စာပေတွေများစွာကိုပြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လောလောဆယ်ပြင်ဆင်ရန်မဖြစ်နိုင်သေးကြောင်းကိုလည်း အဖြေကရပြီးသား ဖြစ်ပါတယ်။ သို့သော်လည်းပဲ အမှန်တကယ်လပြည့်ရက်သည် တစ်ရက်ကွာဟနေကြောင်းကိုတော့ အများပြည်သူသိရှိစေရန်အတွက်သာ တင်ပြခြင်းဖြစ်ပါကြောင်းနှင့် မှတ်တမ်းတင်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမဟုတ် မေးခွန်းဖြစ်သည်။ ဒါကြောင့် မေးခွန်းနှင့်အဆိုပုံစံအတိုင်း သက်ဆိုင်ရာကော်မတီများက ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှာစတင်ဆွေးနွေးပြီး ၁၄-၁၀-၂၀၁၃ ရက်နေ့က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၃-၂-၂၀၁၄ ရက်နေ့မှ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာပါတယ်။ ယင်းသို့ပြန်လည်ပေးပို့ခြင်းကို ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ ၁၇-၂-၂၀၁၄ ရက်မှာ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီ ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ် လေးဦးတို့က ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၁၂ ချက်အနက်မှ ၁၁ ချက်ကို သဘောတူ

သင့်ကြောင်းနှင့် တစ်ချက်နှင့်စပ်လျဉ်းပြီး သဘောထားကွဲလွဲကြောင်း တင်ပြလာပါတယ်။ စာချွန်တော် မိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၁၂ ချက် နှင့်စပ်လျဉ်းပြီး တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် တင်ပြလာမှုအပေါ်မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီကနေပြီးတော့ တင်ပြချက်များကို လေးစားစွာတင်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီ ကတင်သွင်းသော ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမမြောက်နေ့ဖြစ်သည့် ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်း ဥပဒေကြမ်းကို ၃-၂-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ်တွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း အား ၂၅-၂-၂၀၁၄ ရက်နေ့တွင် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာ များစိစစ်ဆောင်ရွက်ရေးကော်မတီနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့နှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပေးပို့လာတဲ့ ပြင်ဆင် ချက် ၂၇ ချက်တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် ၁၅ ချက်အား အမျိုးသားလွှတ်တော်မှ သဘော တူကြောင်းတွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် စကားရပ်များတွင် ပြင်ဆင်သည့် အောက်ဖော်ပြပါပြင်ဆင်ချက် ၁၁ ချက်အား ပြည်သူ့လွှတ်တော်မှ သဘောတူသင့် ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အဆိုပါ ၁၁ ချက်မှာ ဥပဒေရဲ့ခေါင်းစီးဖြစ်ပါတယ်။ ဒီခေါင်း စီးမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ၂၀၁၃ ခုနှစ်အစား ၂၀၁၄ ခုနှစ်ဆိုပြီးတော့ အစားထိုး

ပြင်ဆင်ထားမှုကို ကျွန်တော့်တို့အနေနဲ့ လက်ခံပေးခဲ့ပါတယ်။ ကျန်တဲ့အပိုဒ် ၁၂ ချက်မှာတော့ စိစစ်ကြားနာရေးဆိုတဲ့ စကားရပ်အစား ကြားနာဆုံးဖြတ်ရေးဆိုတဲ့စကားရပ်ပဲ အစားထိုးခြင်းဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အချိန်ကိုငဲ့ကွက်သောအားဖြင့် ကျွန်တော့်အနေနဲ့ ဥပဒေပုဒ်မများကိုပဲ တင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး ခုနက စကားရပ်အစားထိုးတဲ့ကိစ္စလေးကို ထပ်ပြီးတော့ တစ်ခုမှာဖော်ပြပေးပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ အခန်း(၄) လျှောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း တာဝန်နှင့်လုပ်ပိုင်ခွင့်များဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်တာက လျှောက်ထားလွှာ စိစစ်ကြားနာရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ လျှောက်ထားလွှာကြားနာဆုံးဖြတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်ပါတယ်ခင်ဗျား။ နောက် ဆက်လက်ပြီးတော့ ပုဒ်မ ၇ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာကြားနာဆုံးဖြတ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်။ ပုဒ်မခွဲ(က) ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သုံးဦးဖြင့် ဖွဲ့စည်းရမည်။ ပုဒ်မခွဲ(ခ) အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သုံးဦးဖြင့် ဖွဲ့စည်းရမည်။ ပုဒ်မခွဲ(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်။ အခန်း(၃) ပုဒ်မ ၈ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့သည်လျှောက်လွှာကိုလက်ခံရရှိပါက လျှောက်ထားလွှာပါ အကြောင်းအရာအချက်အလက်များနှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကိုစိစစ်ပြီး လျှောက်ထားသူကိုဆင့်ခေါ်၍ ကြားနာပြီး နောက်လျှောက်ထားလွှာကို လက်ခံခြင်းပြု/မပြု အမိန့်ချမှတ်ရမည်။ ပုဒ်မ ၉ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့က လျှောက်ထားလွှာကို လက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လွှဲအပ်စေလျက် ကြားနာစေရမည်။ ပုဒ်မ ၁၀ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူနှစ်ဦးနှစ်ဖက်ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရမည်။ အခန်း(၅) ပုဒ်မ ၁၃ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများကို စာချွန်တော်ရုံး ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

စာမျက်နှာ ၁၀ ပုဒ်မ ၁၄ လျှောက်ထားခံရသူသည် လျှောက်ထားလွှာပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကိုထုတ်ပြန်ခွင့်မပေးသင့်ကြောင်း တင်ပြလိုပါက အထောက်အထားများနှင့်အတူ အကျိုးအကြောင်းရှင်းလင်းဖော်ပြရေးသား၍ စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။ အခန်း(၅) ပုဒ်မ ၁၅ လျှောက်ထားခံရသူသည် စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့က တောင်းယူသော အထောက်အထားများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများထံမှ ရယူတင်ပြခွင့်ရှိသည်။ ဒါကတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၁၁ ချက်အတိုင်းကို ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက လက်ခံသင့်ကြောင်း ၁၁ ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့အတိုင်း ဖြစ်သင့်တဲ့အချက်ကိုကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

အခန်း ၇ ပုဒ်မ ၁၈ အမှုပေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်တို့နှင့်စပ်လျဉ်း၍ လျှောက်ထားလိုတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ ၂ နှစ်အတွင်းလျှောက်ထားလွှာတင်သွင်းခြင်းမပြုလျှင် စာချွန်တော်အမိန့်ထုတ်ပြန်ခြင်းမပြုရဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ကျွန်တော်တို့ တစ်နှစ်လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က လက်ခံခြင်းမပြုပဲနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက နှစ်နှစ်လို့ ကျွန်တော်တို့အတည်ပြုတဲ့ သက်တမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူသော အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ၁၁ ချက်အားလွှတ်တော်မှ သဘောတူအတည်ပြုပေးနိုင်ပါရန်နှင့် သဘောထားကွဲလွဲချက်တစ်ချက်အား ပြည်သူ့လွှတ်တော်၏မူလပြင်ဆင်အတည်ပြုချက်အတိုင်း လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၁၁ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အချက် ၁၁ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် အခန်း ၆ အပိုဒ် ၁၆ ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသဘောမတူကြောင်းတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အခန်း ၆ အပိုဒ် ၁၆ ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြချက်ကို အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်မှပြင်ဆင်ဖြင့်ပြန်လည်ပေးပို့သော စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ အခန်း ၆ အပိုဒ် ၁၆ ကိုလွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က) အရ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းမယ့် ပုဂ္ဂိုလ်အားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသော အခန်း (၆)၊ အပိုဒ် ၁၆ အား ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တင်သွင်းတဲ့အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုးစိုးက ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အခန်း (၆)၊ အပိုဒ် ၁၆ နှင့် ပတ်သက်၍ သဘောထားကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် အခန်း(၆)၊ အပိုဒ် ၁၆ သဘောထားကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၅၊ နည်းဥပဒေခွဲ (က) အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့်အစည်းအဝေး(၂၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ

ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]